
Kids of Destiny
Reaching the Forgotten
www.kidsofdestiny.org

# အီဂျစ်ပြည်မှယောသပ်ဘဝ၊ အပိုင်း ၁ 2.03

## ကမ္ဘာဦးကျမ်း ၃၉ နှင့် ၄၀

ယောသပ်ဟာ သူ့ဖခင်ယာကုပ်ရဲ့အချစ်ဆုံးသောသားဖြစ်တယ်။ ယာကုပ်အတွက်ယောသပ်ဟာ အထူးချစ်ရသူမို့ သူ့ကိုရောင်စုံအင်္ကျီချုပ်ပေး ခဲ့တယ်။ ယောသပ်ရဲ့အစ်ကိုတွေဟာ အရမ်းမနာလိုဖြစ်ကြတယ်။ ယောသပ်ကိုမုန်းကြတယ်။ တစ်နေ့တော့ သူ့အစ်ကိုတွေက ယောသပ်ကို အီဂျစ်သွားတဲ့ ကုန်သည်တွေဆီ ရောင်းစားလိုက်တယ်။ ယောသပ်သေသွားပြီလို့ သူတို့အဖေကို ပြန်ပြောကြတယ်။ အဲဒီနေ့ဟာ ယာကုပ် အရမ်းအရမ်းဝမ်းနည်းတဲ့နေ့ ဖြစ်တယ်။

ဒါပေမယ့် ယောသပ်မသေခဲ့ဘူး။ ကုန်သည်တွေ အီဂျစ်ကိုရောက်တဲ့အခါ ယောသပ်ကို အီဂျစ်အရာရှိပေါတိဖာဆီ ရောင်းလိုက်တယ်။ ပေါတိဖာဟာ အီဂျစ်ဘုရင်ဖာရောအတွက် အလုပ်လုပ်ပေးနေသူဖြစ်တယ်။

ဘုရားသခင်ဟာယောသပ်နဲ့အတူရှိပြီးသူ့ကိုစောင့်ကြည့်နေတဲ့အတွက် ယောသပ်ဟာလုပ်ဆောင်သမျှမှာ အောင်မြင်တယ်။ ယောသပ်နဲ့အတူ ဘုရားသခင်အတူပါရှိပြီးအောင်မြင်တာကိုသတိထားမိတဲ့ပေါတိဖာဟာ သူ့ကို ပိုပြီးအရေးကြီးတဲ့တာဝန်တွေ ပေးတယ်။ အခုချိန်မှာတော့ ယောသပ်ဟာ ပေါတိဖာရဲ့တအိမ်လုံးနဲ့သူပိုင်ဆိုင်သမျှကို ထိန်းသိမ်းဖို့တာဝန်ယူရပါတော့တယ်။ အဲလိုနဲ့ ပေါတိဖာဟာ ကောင်းတာတွေပဲ တွေ့ကြုံခံစားရတော့တယ်။ သူ့သီးနှံတွေနဲ့တိရစ္ဆာန်တွေဟာ အရင်ကထက်ပိုပြီး ကျန်းမာကောင်းမွန် လာကြတယ်။ ပေါတိဖာဟာ ယောသပ်ကို အရင်ထက်ပိုပြီး တာဝန်တွေပေးအပ်တယ်။ ယောသပ်ဟာ ဘယ်အရာတွက်မှစိတ်ပူစရာ မလိုခဲ့ဘူး။

တစ်နေ့တော့ ပေါတိဖာရဲ့ဇနီးဟာ သူမနဲ့အတူယောသပ်ကို အချိန်ယူစေချင်လာတယ်။ အဲဒီအရာဟာ သူ့အလုပ်မဟုတ်ဘူးလို့ ယောသပ် သိတယ်။ သူ့ဇနီးနဲ့အချိန်ယူတာကိုသိရင် ပေါတိဖာက ယောသပ်ကိုကျေနပ်မှာမဟုတ်ဘူး။ အဲဒါကြောင့်မို့ ယောသပ်ဟာ သူမဆီကနေ ထွက်ပြေးဖို့ ကြိုးစားခဲ့တယ်။ သူပြေးဖို့ကြိုးစားနေချိန်မှာပဲ သူ့အင်္ကျီကို သူမဖမ်းဆုပ်ခဲ့တယ်။ ယောသပ်ကသူ့ကို အနှောင့်အယှက်ပေးဖို့ ကြိုးစားလို့ သူ့ဆီကလွတ်ဖို့ရုန်းကန်ကြိုးစားရင်း သူ့အင်္ကျီကိုဆွဲချွတ်ယူခဲ့တယ်လို့ သူ့ခင်ပွန်းပေါတိဖာကို သူမကပြောပြတယ်။ သူမ လိမ်လည်မုသာပြောခဲ့ပြီး၊ ပေါတိဖာကလည်း သူ့ဇနီးပြောတာကို ယုံခဲ့တယ်။ ပေါတိဖာဟာ ယောသပ်ကို အရမ်းစိတ်ဆိုးပြီး အချုပ်ထဲမှာ ထည့်ထားခဲ့တယ်။

ဘယ်လိုဖြစ်နေပါစေ၊ အချုပ်ထဲမှာလည်း ဘုရားသခင်ကယောသပ်ကို ကောင်းချီးပေးပြီးဂရုစိုက်ခဲ့တယ်။ အချုပ်စောင့်ဟာ ယောသပ်ကို ယုံကြည်ပြီး၊ အခြားအချုပ်သားတွေကို ကြီးကြပ်ဖို့သူ့ကို တာဝန်ပေးတယ်။

အီဂျစ်ဘုရင်ကို စိတ်ဆိုးစေခဲ့တဲ့လူနှစ်ယောက်နဲ့ အချုပ်ထဲမှာ သူတွေ့ခဲ့တယ်။ တစ်ယောက်က ရှင်ဘုရင်သောက်စရာကို ပြင်ဆင်ပေးတဲ့ ဖလားတော်ဝန်ဖြစ်ပြီး၊ နောက်တစ်ယောက်က ရှင်ဘုရင်စားစရာကို ပြင်ဆင်ပေးတဲ့စားတော်ဝန်ဖြစ်တယ်။ သူတို့နှစ်ယောက် အချုပ်ကျ နေချိန်မှာ အိပ်မက်ကိုယ်စီမက်ကြတယ်။ သူ့ကို သူတို့အိပ်မက်တွေ ပြောပြဖို့ယောသပ်ကပြောတယ်။ "အဲဒီအိပ်မက်တွေရဲ့ အဓိပ္ပါယ်ကို ဘုရားသခင်ကပြောပြလိမ့်မယ်" လို့ သူပြောတယ်။

"စပျစ်ပင်တစ်ပင်ကနေ အကိုင်းသုံးကိုင်ထွက်တာကို ငါမြင်တယ်။ အကိုင်းပေါ်မှာအသီးတချို့ရှိပြီး၊ ရှင်ဘုရင်ရဲ့ဖလားခွက်ထဲ စပျစ်ရည် ညှစ်ထည့်ပြီး၊ ရှင်ဘုရင်ကိုငါဆက်သတာမက်တယ်" လို့ ဖလားတော်ဝင်ကယောသပ်ကိုပြောပြတယ်။ "နောက်သုံးရက်အတွင်း သင့်ကို အချုပ်ထဲကထုတ်ပြီး၊ ရှင်ဘုရင်ကိုဖလားတော်ပြန်ဆက်သရမယ်" လို့ ယောသပ်ပြောတယ်။

စားတော်ဝန်ကလည်း ယောသပ်ဆီ သူ့အိပ်မက်ကို ပြန်ပြောပြတယ်။ "ခေါင်းပေါ်မှာ ခြင်းတောင်းသုံးတောင်း ရွက်ထားတယ်။ ဖာရောဘုရင် အတွက် အကောင်းဆုံးသောစားစရာတွေ ထည့်ထားတယ်။ ငှက်တွေရောက်လာပြီး ခြင်းတောင်းထဲကစားစရာတွေကို လာစားကြတယ်" လို့ သူပြောပြတယ်။ နောက်သုံးရက်အတွင်း ရှင်ဘုရင်ကသင့်ကို ကွပ်မျက်လိမ့်မယ်လို့ ယောသပ်က အိပ်မက်ရဲ့ အဓိပ္ပါယ်ကိုပြန်ပြောပြတယ်။

အဲဒီအတိုင်းပဲတကယ်ဖြစ်လာပါတယ်။ စားတော်ဝန်ဟာ ရှင်ဘုရင်ရဲ့ကွပ်မျက်ခြင်းကို ခံခဲ့ရပြီး၊ ဖလားတော်ဝန်ကတော့ အသက်ချမ်းသာရ သွားပါတယ်။ ဒီအိပ်မက်တွေနဲ့ပတ်သက်ပြီး ဘုရားသခင်ဆီက အမှန်အတိုင်းယောသပ် ကြားခဲ့ရပါတယ်။

# အီဂျစ်ပြည်မှယောသပ်ဘဝ - အပိုင်း ၁ 2.03

## အဓိကအချက်များ

၁) ယောသပ်ဟာ အီဂျစ်ဘုရင်ရဲ့အမှုထမ်းအရာရှိ ပေါတိဖာဆီကို ရောင်းစားခံခဲ့ရတယ်။

၂) ဘုရားသခင်ဟာ ယောသပ်ကိုဂရုစိုက်ကွယ်ကာခဲ့တယ်။ ပေါတိဖာရဲ့အိမ်ကိုဂရုစိုက်ပေးဖို့အရေးကြီးတဲ့တာဝန် ယောသပ်ကို ပေးတယ်။

၃) ယောသပ်ဟာ သူ့အလုပ်ကိုအကောင်းဆုံးလုပ်ခဲ့တယ်။ ဖာရောက သူ့ကိုပိုများတဲ့တာဝန်တွေ ထပ်ပေးခဲ့တယ်။

၄) ယောသပ်ဟာ ပေါတိဖာရဲ့ဇနီးနဲ့အချိန်ယူဖို့ငြင်းဆန်တဲ့အတွက် သူမဟာသူ့ကိုစိတ်ဆိုးပြီး၊ ပေါတိဖာဆီလိမ်လည် တိုင်တန်းခဲ့တယ်။ ယောသပ်ဟာ သူမကိုအရမ်းအနှောင့်အယှက်ပေးတယ်လို့ ပြောတဲ့အတွက် ပေါတိဖာဟာယောသပ်ကိုအရမ်းစိတ်ဆိုးပြီး၊ သူ့ကိုထောင်ထဲမှာ ထည့်ထားလိုက်တယ်။

၅) အချုပ်ထဲမှာ ဖလားတော်ဝန်နဲ့စားတော်ဝန်တို့ရောက်လာတယ်။ သူတို့နှစ်ယောက်ဟာ ရှင်ဘုရင်အတွက် အလုပ်လုပ်ပေးနေသူတွေ ဖြစ်တယ်။ သူတို့နားမလည်တဲ့အိပ်မက်ကိုယ်စီမက်ကြတယ်။ အဲဒီအိပ်မက်အဓိပ္ပါယ်ကို ရှင်းပြပေးနိုင်မလားလို့ ယောသပ်ကိုသူတို့ မေးကြတယ်။

၆) အိပ်မက်ရဲ့အဓိပ္ပါယ်ကို ဘုရားသခင်သိတယ်လို့ ယောသပ်ပြောခဲ့ပြီး၊ သူတို့အိပ်မက်အနက်အဓိပ္ပါယ်ကို သူပြောပြခဲ့တယ်။

## မေးခွန်းများ

၁) ယောသပ်ကို အီဂျစ်က ဘယ်သူ့ဆီကိုရောင်းလိုက်တာလဲ?

၂) ဘုရားသခင်ကယောသပ်ကို ဂရုစိုက်ကြောင်း ဘယ်လိုပြသခဲ့သလဲ?

၃) ဘယ်အရာက ပေါတိဖာဇနီးကို လိမ်ညာစေခဲ့တာလဲ?

၄) ယောသပ်နဲ့အတူ အချုပ်ထဲမှာ ဘယ်သူတွေရှိလဲ?

၅) ဖလားတော်ဝန်နဲ့စားတော်ဝန်တို့ရဲ့ အခက်အခဲပြဿနာက ဘာလဲ?

၆) သူတို့အိပ်မက်အနက်အဓိပ္ပါယ်ကို ယောသပ်က ပြောပြနိုင်ခဲ့သလား?

## အဖြေများ

၁) ယောသပ်ဟာ အီဂျစ်ဘုရင်ရဲ့အမှုတော်ထမ်းပေါတိဖာဆီမှာ ရောင်းစားခံခဲ့ရတယ်။

၂) ဘုရားသခင်ဟာယောသပ်ကိုကူညီခဲ့ပြီး၊ ပေါတိဖာအိမ်ကိုဂရုစိုက်ပေးရတဲ့ အရေးကြီးအလုပ်ကို ပေါတိဖာကယောသပ်ကို ပေးခဲ့တယ်။

၃) ယောသပ်ဟာပေါတိဖာရဲ့ဇနီးနဲ့အချိန်ယူဖို့ငြင်းဆန်ခဲ့လို့ သူမကသူ့ကိုစိတ်ဆိုးပြီး၊ ပေါတိဖာဆီမှာ လိမ်ညာခဲ့တာဖြစ်ပါတယ်။

၄) ဖလားတော်ဝန်နဲ့စားတော်ဝန်တို့ဟာ ယောသပ်နဲ့အတူ အချုပ်ထဲမှာရှိနေခဲ့ပါတယ်။

၅) ဖလားတော်ဝန်နဲ့စားတော်ဝန်တို့ဟာ သူတို့နားမလည်တဲ့အိပ်မက်ကိုယ်စီမက်ခဲ့ကြပါတယ်။

၆) ဟုတ်ပါတယ်၊ သူတို့အိပ်မက်အနက်အဓိပ္ပါယ်ကိုနားလည်နိုင်ဖို့ ယောသပ်ကိုဘုရားသခင်ကူညီပေးခဲ့ပါတယ်။

## ကမ္ဘာဦးကျမ်း ၃၉ နှင့် ၄၀

ယောသပ်လိုဘုရားသခင်ကို ယုံကြည်ကိုးစားရင်၊ ဘဝရဲ့ဦးတည်ရာလမ်းနဲ့နားလည်နိုင်စွမ်းကို ဘုရားသခင်ပေးလိမ့်မယ်။



Kids of Destiny®
Reaching the Next Generation

www.kidsofdestiny.org